# မာတိကာ


အာဖဂန်မြေပေါ်မှ အချစ်နဲ့စစ် စာအုပ်ကို အမှတ်တင်မှုများ ................ ၅

နိဒါန်း ........................................................................ ၉

၁။ အန်နီဆာ (အစ်ဆာမိုဟာမက်ဖေါ်သမီး) ............................ ၂၂

၂။ ဂူလ်ဘက်ဒင် (မာဖတ်ခန်ရဲ့သား) ..................................... ၇၉

၃။ နိုင်ယက်(ဇ်)တာဒီ (ရာမန်နူလာတာဒီရဲ့သား) ..................... ၁၁၇

၄။ ဘီဘီမာရီယမ် (အတေ့ဇ်ရဲ့သမီး) .................................... ၁၆၁

၅။ ဟမ်မိုင်ရာ (ဆပ်နျူရုဒင်ခန်ရဲ့ သမီး) ................................ ၁၉၃

၆။ နီကာလိုင်းမီရှန်နင်ကို (ဖိုက်ဇ်မိုဟာမက်) ......................... ၂၆၆

၁၉၁၉ ခုနှစ်မှ ၂၀၀၄ ခုနှစ်အထိ
အချိန်ကာလပြ အာဖဂန်သမိုင်းဖြစ်စဉ်များ ............................ ၃၁၀

စာရေးသူတို့ ဇနီးမောင်နှံအကြောင်း ..................................... ၃၂၉

ကျေးဇူးတင်လွှာ .............................................................. ၃၃၁


## အာဖဂန်မြေပေါ်မှ အချစ်နဲ့ စစ် စာအုပ်ကို
## အမှတ်တင်မှုများ

“တော်တော်စိတ်ဝင်စားဖို့ ကောင်းတယ် ... မျက်မှောက်ခေတ် အာဖဂန်နစ္စတန်အကြောင်းကို အတွင်းကျကျ ဖတ်ရှုရမယ့် ပြိုင်စံရှား စာအုပ်တစ်အုပ်”

*Library Journal*

“အာဖဂန်အရပ်သားတွေရဲ့ စိတ်ဝင်စားစရာ ဘဝဇာတ်ကြောင်းတွေကို စိတ်ကူးစိတ်သန်းကောင်းစွာနဲ့ စုစည်းဖော်ပြထားတဲ့စာအုပ်။ ၂၃ နှစ် ကြာမြင့်ခဲ့တဲ့ ပြည်တွင်းစစ်ကာလမှာ အရပ်သားတွေအကြားက အချစ်အကြောင်း၊ အပြန်အလှန်ဖေးမမှု၊ အတ္တကြီးမှု၊ ချစ်စိတ်ရမ္မက်ကြီးမှု၊ ကာယကံ၊ ဝစီကံ စင်ကြယ်မှု၊ မိသားစု သံယောဇဉ်ကြီးမှု၊ ကြိုတင်စီစဉ်မှု၊ နှောင့်နှေးကြန့်ကြာမှု၊ အလွမ်းအဆွေး ဝမ်းနည်းစရာတွေနဲ့ ကြုံဆုံရမှု၊ ဘဝတွေ ကပြောင်းကပြန်ဖြစ်သွားမှု ... စတာတွေနဲ့အတူ သူတို့ ရင်ဆိုင်ခဲ့ရတဲ့ မေတ္တာရေး အခက်အခဲတွေ၊ စစ်ကြောင့် အတိဒုက္ခရောက်ခဲ့ရပုံတွေ ...။ အာဖဂန်မြောက်ပိုင်း ယဉ်ကျေးမှုမှာ သူတို့ မိသားစုအသိုင်းထဲ ဝင်လာမယ့် သူစိမ်းတစ်ယောက်ကို ဖော်ဖော်ရွေရွေ ဆက်ဆံကြမှာလားဆိုတာ ကြိုတင်ခန့်မှန်းဖို့ ခက်တယ်။ အဲဒီကြားကပဲ တစ်နည်းအားဖြင့် ကြောက်စရာအခြေအနေတွေ ရှိနေတဲ့ကြားကပဲ လူငယ်တို့သဘာဝ တစ်ယောက်ကိုတစ်ယောက် တန်းတန်းစွဲပြီး သံယောဇဉ်ကြီးတွေ နှောင်ဖွဲ့မိကြတယ်။ သံယောဇဉ်ကြိုးလေး မပြတ်အောင် ကြိုးစားကြတယ်။ ဒါပေမဲ့ ဘာမှသေချာရေရာမှု မရှိဘူး”

*Publishers Weekly စာအုပ်ထုတ်ဝေရေးနှင့်*
*စာအုပ်ရောင်းချရေး နိုင်ငံတကာသတင်းဝက်ဘ်ဆိုဒ်*

“အာဖဂန် နစ္စတန်လို့ ပြောလိုက်တာနဲ့ ကျွန်တော်တို့က ရုပ်ဆိုး အကျည်းတန်တဲ့ ဂိုဏ်းဂဏတိုက်ပွဲတွေ ဖြစ်နေတဲ့နိုင်ငံ၊ တာလီဘန်တွေ၊ စစ်ရာဇာတွေ၊ မူးယစ်ဆေးဝါးတွေ ထကြွသောင်းကျန်းပေါများတဲ့နိုင်ငံ၊ ဘာမီယန်ဗုဒ္ဓဆင်းတုတော်ကြီး ဖျက်ဆီးခံလိုက်ရတဲ့နိုင်ငံ၊ ကြောက်မက်ဖွယ်စစ်ပွဲဖြစ်နေတဲ့ နိုင်ငံလို့ပဲ ထင်မြင်လေ့ရှိကြတယ်။ ဒီစာအုပ်မှာ အရပ်သား အာဖဂန်အမျိုးသား အမျိုးသမီးတွေ၊ သက်ကြီးရွယ်အိုတွေနဲ့ လူငယ်တွေ၊ ပညာတတ်တွေနဲ့ စာမတတ်သူတွေ၊ လူချမ်းသာတွေနဲ့ လူဆင်းရဲတွေရဲ့ ဘဝဇာတ်ကြောင်းတွေ၊ ကာယကံရှင်တွေကိုယ်တိုင် ဖွင့်ဟပြောကြားသံတွေကို စုစည်းဖော်ပြပေးထားတဲ့အတွက် အဲလက်စ်ကလေ့စ်နဲ့ ဂါးချင်ဂါမန် မက်ဒိုတာကလေ့စ်တို့ ဇနီးမောင်နှံကို ကျွန်တော်တို့ ကျေးဇူးအရမ်းတင်သင့်တယ်။ အလွမ်းအဆွေး ဇာတ်လမ်းအဖုံဖုံနဲ့ ဒုက္ခ သုက္ခမျိုးစုံ၊ မဆုတ်မနစ်ကြိုးပမ်းမှု၊ မျှော်လင့်ချက်လက်ကိုင်ထားမှုတွေအပြင် ပျော်ရွှင်စရာ အခိုက်အတန့်လေးတွေကိုလည်း မြင်တွေ့ရတယ်။ ဒါပေမဲ့ သူတို့ရင်ထဲက ကိုယ်ချင်းစာတရားကိုတော့ စာဖတ်သူတိုင်း အသိအမှတ်ပြုကြလိမ့်မယ်။ ဒီလောက် မဖြစ်နိုင်တဲ့ အခြေအနေမျိုးတွေ ကြုံနေရချိန်မှာတောင် သူတို့ရဲ့ ဂုဏ်သိက္ခာကို သူတို့ ထိန်းသိမ်းနိုင်ကြတယ်။ ဘေးအန္တရာယ်အသီးသီးကို ကျော်လွှားနိုင်ခဲ့ကြတယ်။ သူတို့ရဲ့ စိတ်ဓာတ်ကြံ့ခိုင်မှုနဲ့ စာနာတတ်မှုတွေက သူတို့နဲ့ သူတို့ကလေးတွေ အပါအဝင်တခြားလူတိုင်းကိုအခုလိုနာကျင်ကြေကွဲစရာတွေ၊စိတ်ဆင်းရဲစရာတွေနဲ့ ထပ်မကြုံရလေအောင် ကျွန်တော်တို့ တတ်စွမ်းသလောက် ကာကွယ်ပေးရမယ်ဆိုတဲ့ အသိစိတ်ကို ဖြစ်ပေါ်စေတယ်”

*လာဒါဘာရာဟီမီ (ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်၏*
*လက်ထောက်အဖြစ် တာဝန်ထမ်းဆောင်ခဲ့ဖူးသူနှင့်*
*အာဖဂန်နစ္စတန်ဆိုင်ရာ ကုလအထူးကိုယ်စားလှယ်ဟောင်း)*

“...၂၀၀၅ ခုနှစ် ဆောင်းရာသီရဲ့ နောက်ဆုံးနေ့တွေ ... အေးစိမ့်နေတဲ့ တာဂျီးနီးယားပြည်နယ်မှာ ... မီးလင်းဖိုတစ်ခုရှေ့က ... ဇိမ်ကျတဲ့ ဆိုဖာခုံတစ်လုံးမှာ ကျောမှီထိုင်ပြီးတော့ ... အစိမ်းရောင်ရေနွေးကြမ်းတစ်ခွက်နဲ့ ဆိတ်ငြိမ်အေးချမ်းလှတဲ့ ပတ်ဝန်းကျင်မှာ ... အာဖဂန်မြေပေါ်က အချစ်နဲ့စစ် စာအုပ်ကိုဖတ်ရင်း ... ရင်ထဲမှာ ကြေကွဲမိတယ်၊ ဒီလို သက်သောင့်သက်သာ နေနေရတဲ့ဘဝမျိုးကို အရှက်ရမိတယ် ...”

*ဖာဟတ်ဒါယာ (ကန်ဒုဇ်ပြည်နယ်ဇာတိဖွား နာမည်ကျော်*
*ကဗျာဆရာနှင့် ဂီတပညာရှင်)*

“ချမ်းသာကြွယ်ဝသူပဲဖြစ်ဖြစ်၊ ဆင်းရဲသူပဲဖြစ်ဖြစ် ဒီစာအုပ်ကို ဖတ်ပြီးရင် စိုးရိမ်ထိတ်လန့်စရာကောင်းတဲ့ အခြေအနေမျိုးတွေနဲ့ လက်တွေ့ရင်ဆိုင်ရတဲ့အခါ တစ်ယောက်နဲ့တစ်ယောက် ချစ်ချစ်ခင်ခင် နေတတ်သွားကြလိမ့်မယ်”

*ချန်နွန်ဟန်ဒရစ်ဆင် (Booknews)*

“အာဖဂန်ပြည်သူတွေဟာ အမေရိကန်ပညာရှင်တွေ၊ နိုင်ငံရေးသမားတွေ အကြောင်းကို ကြက်တူရွေး နှုတ်တိုက်ရွတ်သလို ရေရွတ်နေကြတာ မဟုတ်ဘူး။ ဒီစာအုပ်ကိုဖတ်ကြည့်ရင် အမေရိကန်နဲ့ပတ်သက်လို့ သူတို့ရဲ့ လက်တွေ့ကျတဲ့ အမြင်တွေကို ပြောဆိုရင်ဖွင့်ထားတာ တွေ့ရတယ်။ ဘဝရသစုံလင် ရောပြွမ်းနေတဲ့ အတ္ထုပ္ပတ္တိတွေကို များများစားစား ထည့်သွင်းဖော်ပြထားတယ်။ အာဖဂန် နစ္စတန်နဲ့ လူသားချင်း စာနာထောက်ထားမှု သဘောသဘာဝနဲ့ပတ်သက်လို့ ထင်ရာမြင်ရာယူဆချက်တွေကို စောဒကဝင်စေတဲ့ စာအုပ် ... ပေးထားတဲ့ စာအုပ်နာမည်အတိုင်းပဲ စာရေးဆရာတွေဟာ အတောမသတ်တဲ့ စစ်ပွဲဖြစ်နေတဲ့ ဒေသတစ်ခုက လူတွေရဲ့ အချစ်ရေးရာကိစ္စမှာ ကြုံရနိုင်တဲ့ အခြေအနေတွေကို ရေးပြထားတယ်”

*ဘန်ဘုရှ် (Portland Mercury သတင်းစာ)*

“၂၅ နှစ်ကျော် ဖြစ်ပွားခဲ့တဲ့ စစ်ပွဲကြောင့် လူတွေ ပေးဆပ်ခဲ့ရတဲ့ အကြောင်းအရာတွေကို ရေးထားတယ်။ အလွန်ဖတ်ပျော်တဲ့၊ အလွန်ဖတ်သင့်တဲ့ စာအုပ်တစ်အုပ်ပါ။ ကာယကံရှင်တွေရဲ့ အဖြစ်အပျက်တွေထဲမှာ မင်္ဂလာဆောင်တာတို့၊ ကလေးမွေးတာတို့၊ အလုပ်အကိုင်စီးပွားရေး အောင်မြင်တာတို့ စတဲ့ စိတ်နှလုံး ရွှင်လန်းဝမ်းမြောက်စရာတွေ ပါရှိသလို ဇနီး၊ ခင်ပွန်း အသတ်ခံရတာတို့၊ ကလေးတွေ ရေနစ်သေသွားတာတို့၊ ရွာတွေ ဖျက်ဆီးခံလိုက်ရတာတို့ စတဲ့ ယူကျုံးမရဖြစ်စရာ အခြေအနေတွေလည်း ပါတယ်... လူတွေရဲ့ အနိမ့်အမြင့် လောကဓံတရားတွေနဲ့ စစ်ကြောင့် အရာခပ်သိမ်း ဆုံးရှုံးခဲ့ရပုံတွေကို သိခွင့်ရတဲ့ စာအုပ်တစ်အုပ်”

*Baltimore Citypaper သတင်းစာ*

“နိုင်ငံတကာ ပါဝင်ပတ်သက်ပြီး ရှုပ်ထွေးပွေလီလှတဲ့ နိုင်ငံရေးလောကအကြောင်းကို လုံးဝချန်လှပ်ပြီးတော့ ရက်စက်မှုတွေ ပြည့်နှက်နေတဲ့ နိုင်ငံတစ်နိုင်ငံက ကိုယ်ချင်းစာတရားကို ရှာဖွေနေကြတဲ့ သာမန်အရပ်သားတွေရဲ့ အကြောင်းကိုပဲ အဓိကဖော်ပြထားတဲ့ စာအုပ် ...”

*မေယာရိုစ် (Livingston Weekly)*